CJDC

CHINLAND JOINT DEFENSE COMMITTEE

General Headquarters, Chinland

Ph. +91 9362635870, +91 9362213680

*chinlandjointdefensecommittee@gmail.com*

# သတိပေးထုတ်ပြန်ချက်

(၂/၂၀၂၁)

ရက်စွဲ ။ ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

၁။ ဒုတိယ အကြိမ်မြောက် Chinland Joint Defense Committee (CJDC) ၏ ဗဟိုကော်မတီအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၉) မှ ဒီဇင်ဘာလ (၃) ရက် အထိ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ CJDC သည် ချင်းအမျိုးသားတပ်ဦး/တပ်မတော်နှင့်ချင်းလူမျိုးများနေထိုင်ရာ မြို့နယ်/ဒေသအလိုက် ကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်း၍ ဖက်ဒရယ်ဒီမိုကရေစီနှင့် ချင်းလူမျိုးများ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် စစ်ရေးဆိုင်ရာတွင် အချိတ်ဆက်ရှိရှိ၊ ထိထိရောက်ရောက်၊ ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်သွားရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။

၂။ မင်းအောင်လှိုင်ဦးစီးဦးဆောင်သော အကြမ်းဖက်စစ်ကောင်စီမှ ၂၀၂၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁) ရက်နေ့တွင် မတရားအာဏာသိမ်းပြီးနောက် ချင်းပြည်သူများအပေါ် အကြမ်းဖက် ဖမ်းဆီးခြင်း၊ ရိုက်နှိက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ ပြည်သူ့အိုးအိမ်များ မီးရှို့ဖျက်စီးခြင်း၊ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဘာသာရေးအဆောက်အအုံများ မီးရှို့ဖျက်စီးခြင်း နှင့် အင်အားအလုံးအရင်းသုံးကာ ထိုးစစ်ဆင်ခြင်းများ ယနေ့တိုင် ရည်ရွယ်ချက် ရှိရှိ လုပ်ဆောင်လျှက်ရှိသည်။

၃။ ယခု အချိန်တွင် CJDC အပါအဝင် ပြည်တွင်း၊ပြည်ပရှိ ချင်းအမျိုးသားများအနေဖြင့် စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးကို စည်းလုံးညီညွတ်စွာ တော်လှန်နေချိန်ဖြစ်သည့်အပြင် **"ချင်းပြည်ထောင် တည်ဆောက်ရေးအတွက် အရေးပေါ် အချိန်ကာလ"**ပင် ဖြစ်သည်။

၄။ ပြည်တွင်းရှိ ချင်းပြည်သူများအနေဖြင့် ပြည်ပနိုင်ငံသို့ စစ်ဘေးဒုက္ခသည် (refugee) အဖြစ် ထွက်ပြေးတိမ်းရှောင်သွားခြင်းသည် ချင်းပြည်ထောင်တည်ဆောက်ရေးအတွက် အဟန့်အတားအခက်အခဲများ ဖြစ်စေနိုင်သောကြောင့် ချင်းပြည်သူများ အနေဖြင့် ပြည်ပသို့ အပြီးတိုင်ထွက်ခွာခြင်း မပြုကြရန် CJDC မှ အထူး မေတ္တာရပ်ခံအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ချင်းပြည်ထောင် တည်ဆောက်ရေးအတွက် အဟန့်အတားဖြစ်စေမည့် လုပ်ရပ်များ၊ ချင်းပြည်သူများ ပြည်ပနိုင်ငံသို့ refugee အဖြစ် ထွက်ခွာရန် အားပေးအားမြှောက်ခြင်း၊ သိမ်းသွင်းခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ နည်းအမျိုးမျိုးဖြင့်လုပ်ဆောင်နေသော အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ် အချို့သည် မိမိတို့၏ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်း ဖြစ်သဖြင့် ၎င်းလုပ်ရပ်များအပေါ် CJDC မှ ပြင်းထန်စွာ သတိပေးလိုက်သည်။

ဆက်သွယ်ရန်

- +၉၁-၉၃၆၂၅၄၀၅၁၆
- +၉၁- ၆၉၀၉၅၁၂၁၀၈
- +၉၁-၉၃၆၂၆၃၅၈၇၀

Chinland Joint Defense Committee